

Panasonic

# အသုံးပြုပုံလမ်းညွှန်ချက်များ

## မွှေစက် (နေအိမ်တွင်အသုံးပြုရန်အတွက်သာ)

မော်ဒယ်နံပါတ် ‌. **MX-GX1561/ MX-GX1511**



**ပါဝင်သည့်အကြောင်းအရာဇယား**

ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များ ........ ၂
အစိတ်အပိုင်းများကိုဖော်ထုတ်ခြင်း ........ ၆
မွှေစက်ကိုဘယ်လိုအသုံးပြုရမလဲ ........ ၇
အစားအစာအခြောက်ကြိတ်စက်ကိုဘယ်လိုအသုံးပြုရမလဲ ........ ၉
ဘေးကင်းအောင်စက်အစိတ်အပိုင်းများကိုထိန်းချုပ်ထားမှု ........ ၁၀
ဆားကစ်ဘရိတ်ကာကာကွယ်မှု ........ ၁၁
ဘယ်လိုသန့်ရှင်းရမလဲ ........ ၁၂
ပြဿနာဖြေရှင်းပေးခြင်း ........ ၁၃
အသေးစိတ် အချက်အလက် ........ ၁၃

ပန်နာဆိုးနစ်ထုတ်ကုန်များကိုဝယ်ယူအားပေးသည့်အတွက်ကျေးဇူးအထူးတင်ရှိပါသည်။

- ဤထုတ်ကုန်ကိုအသုံးမပြုမီ၎င်း၏ဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များကိုသေချာစွာဖတ်ပါ။
- ဤပစ္စည်းကိုအသုံးမပြုမီအသုံးပြုပုံလမ်းညွှန်ချက်များကိုသေချာစွာဖတ်ရှုပြီးနောင်တွင်ဆက်လက်အသုံးပြုနိုင်ရန်ဤစာအုပ်ကိုသိမ်းဆည်းထားပါ။
- နောင်တွင်ပြန်လည်အသုံးပြုနိုင်ရန်အတွက်လည်းဤလမ်းညွှန်ချက်များကိုသေချာစွာဂရုတစိုက်သိမ်းဆည်းထားပါ။

# ဘေးကင်းလုံခြုံမှုအတွက်ကြိုတင်သတိပေးချက်များ

ဤသတိပေးချက်များအတိုင်းလိုက်နာပါ။

ဤစက်ကိုအသုံးပြုလျှင်ဖြစ်လာနိုင်သည့်အန္တရာယ်များကာကွယ်နိုင်ရန်အတွက်အောက်တွင်ရေးသားထားသောဘေးကင်းလုံခြုံမှုဆိုင်ရာကြိုတင်သတိပေးချက်များကိုလိုက်နာပါ။

■ အောက်ပါသင်္ကေတများသည်ကြိုတင်သတိပေးချက်များကိုရည်ညွှန်းပါသည်။ထိုသင်္ကေတများသည်ဤစက်ကိုအသုံးပြုသောအခါသတိမထားမိသောကြောင့်ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်အနည်းအများအပေါ်မူတည်၍သင်္ကေတကွဲပြားသွားပါသည်။

| | |
|---|---|
| အရေးကြီးသတိပေးချက် | ဤသင်္ကေတသည်မွှေစက်ကိုအသုံးပြုပုံမှားယွင်းပါကပြင်းထန်သောအသက်အန္တရာယ်ရှိနိုင်သောထိခိုက်ဒဏ်ရာရရှိနိုင်သည်ဟုသတိပေးထားခြင်းဖြစ်ပါသည်။ |
| သတိပေးချက် | ဤသင်္ကေတသည်မွှေစက်ကိုအသုံးပြုပါကပြင်းထန်သောထိခိုက်ဒဏ်ရာအနာတရဖြစ်နိုင်သည့်သင်္ကေတကိုရည်ညွှန်းပါသည်။ |

■ အောက်ပါသင်္ကေတများသည်သင်လိုက်နာရမည့်အသုံးပြုပုံလမ်းညွှန်များရှင်းပြထားခြင်းဖြစ်ပါသည်။အောက်တွင်သင်္ကေတများကိုသီးခြားစီပြထားပါသည်။

| |
|---|
| ဤသင်္ကေတသည်သင်လုံးဝမပြုလုပ်သင့်သောလုပ်ရပ်ကိုဖော်ပြပါသည်။(တားမြစ်ထားသောလုပ်ရပ်) |
| ဤသင်္ကေတသည်ထပ်ပြုလုပ်သင့်သောလုပ်ရပ်ကိုဖော်ပြပါသည်။(လိုအပ်သောလုပ်ရပ်) |

## အရေးကြီးသတိပေးချက်


အကယ်၍ရေနွေးကဲ့သို့အလွန်ပူသောအရည်များကိုဤမွှေစက်ထဲသို့ထည့်လျှင်ရေနွေးငွေ့အားကြောင့်စက်မှကန်ထွက်ခြင်းကိုဖြစ်စေနိုင်သောကြောင့်သတိပြုသင့်ပါသည်။

# အရေးကြီးသတိပေးချက်

ဤမွှေစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤမွှေစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။


မွှေစက်၏မော်တာရှိသောနေရာကိုရေထဲသို့မနှစ်ပါနှင့်။

လျှပ်စစ် ရှော့ခ်ဖြစ်စေနိုင်ပါသည်။



မော်တာစက်လည်ပတ်နေသောအချိန်တွင်မွှေစက်၏ဗူးခွံကိုဖယ်ရှားခြင်းမပြုပါနှင့်။


အောက်ခြေအဆက်တွင်ပျက်စီးခြင်းနှင့်ထိခိုက်ဒဏ်ရာရစေခြင်းများဖြစ်နိုင်ပါသည်။



ရေစိုနေသောလက်ဖြင့်ပလပ်ချွတ်ခြင်းမပြုပါနှင့်။

လျှပ်စစ်ရှော့ခ်ဖြစ်နိုင်သည်။

မွှေစက်တွင်ဖွင့်ထားချိန်တွင်စက်ထဲသို့လက်ချောင်းများ၊ဇွန်း၊ခက်ရင်း၊ယောက်မအစရှိသောပစ္စည်းများကိုမထည့်ပါနှင့်။



ထိုသို့ပြုလုပ်ပါကထိခိုက်ဒဏ်ရာရခြင်း(သို့) မွှေစက်ကိုထိခိုက်နိုင်ပါသည်။

ပလပ်ကြိုးကိုထိခိုက်စေနိုင်သောလုပ်ရပ်များကိုမလုပ်ပါနှင့်။

ထိုသို့ပြုလုပ်ပါကလျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊မီးလောင်ခြင်းတို့ဖြစ်စေနိုင်ပါသည်။

ဤမွှေစက်တွင်ပါဝင်သောအစိတ်အပိုင်းများမှလွဲ၍အခြားမည်သည့်ပစ္စည်းများကိုမှအစားထိုး၍သုံးစွဲခြင်းမပြုပါနှင့်။

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းကိုဖြစ်စေနိုင်ပါသည်။

# ⚠ အရေးကြီးသတိပေးချက်

ဤမွေစက်နှင့်ကိုက်ညီသောဗို့အားကိုသာအသုံးပြုရမည်ဖြစ်ကြောင်းသေချာပါစေ

ပလပ်မှဖုန်မှုန့်(သို့)အညစ်အကြေးများကိုပုံမှန်ဖယ်ရှားပါ။

လျှပ်ကာချို့ယွင်းခြင်း(သို့)စိုထိုင်းစများ၍မီးလောင်ခြင်းတို့ဖြစ်နိုင်ပါသည်။

ပေးထားသောပါဝါကြိုးပျက်စီးလျှင်အန္တရာယ်ဖြစ်မှုကိုရှောင်ရှားရန်အတွက် ထုတ်လုပ်သူ၊၎င်း၏ဆားဗစ်ကိုယ်စားလှယ်(သို့)အလားတူအရည်အသွေးပြည့်မီသောလူပုဂ္ဂိုလ်တစ်ဦးဦးဖြင့်သာလဲလှယ်တပ်ဆင်ရမည်။

အသွားထက်သောဓားသွားများကိုကိုင်ခြင်းဖူးခွံကိုရှင်းလင်းသည့်အခါတွင်လည်းကောင်း၊စက်ကိုသန့်ရှင်းရေးပြုလုပ်သည့်အခါတွင်လည်းကောင်းထိခိုက်ဒဏ်ရာမဖြစ်စေရန်ဂရုစိုက်ပါ။


# ⚠ သတိပေးချက်

သန့်ရှင်းရေးပြုလုပ်သောအခါနှင့်ခြောက်သွေ့အောင်ပြုလုပ်သောအခါတွင် ၆၀ဒီဂရီစင်တီဂရိတ်ထက်ပိုသောရေကိုအသုံးမပြုပါနှင့်။

ထိုသို့ပြုလုပ်ပါကဖူးခွံကွဲ၍အပူလောင်ခြင်း၊ဒဏ်ရာရခြင်းများဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။

စက်၏မော်တာကိုရေဖြင့်သန့်ရှင်းခြင်းမပြုပါနှင့်။


ထိုသို့ပြုလုပ်ပါကစက်၏မော်တာနှင့်ခလုတ်များချွတ်ယွင်းနိုင်ပါသည်။



ဖူးခွံထဲသို့၆၀ဒီဂရီစင်တီဂရိတ်ထက်ပိုသောအလွန်ပူသောအစားအစာဝတ္ထုများထည့်ခြင်းမပြုပါနှင့်။

စက်၏ဖူးနှင့်အဖုံးကိုနေသားတကျမထားဘဲအသုံးမပြုပါနှင့်။

ထိုသို့ပြုလုပ်ပါကဖူးခွံကွဲ၍အပူလောင်ခြင်း၊ဒဏ်ရာရခြင်းများဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။



# ⚠ သတိပေးချက်

မာကျောသောအရာများ(သို့)စေးကပ်သောအရာများကိုထည့်၍မွှေခြင်းမပြုပါနှင့်။



ခဲနေသောအစားအစာများ

ခြောက်သွေ့သောအစားအစာများမာကျောသောအသားများနှင့်အရိုးပါသောအသားများကိုထည့်၍မွှေခြင်းမပြုပါနှင့်။



ထိုသို့ပြုလုပ်ပါကဖုံးခွံကွဲ၍အပူလောင်ခြင်း၊ဒဏ်ရာရခြင်းများဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။

သန့်ရှင်းသော၊မာကျောသော၊ခြောက်သွေ့သောနေရာများတွင်မော်တာစက်ကိုဖွင့်ထားခြင်းမပြုပါနှင့်။

စက်အောက်သို့ပြုတ်ကျပါကထိခိုက်ဒဏ်ရာရစေခြင်းများဖြစ်နိုင်ပါသည်။

မွှေစက်ကိုပိတ်ပြီးမှစက်၏အစိတ်အပိုင်းများကိုလဲလှယ်ခြင်းပြုလုပ်ပါ။

စက်ကိုအသုံးပြုပြီးနောက်အစားအစာများနှင့်ထိတွေ့ရသောစက်၏အစိတ်အပိုင်းများကိုသန့်ရှင်းရေးပြုလုပ်ပါ။

စက်တွင်ဇယားဖြင့်အသေးစိတ်ဖော်ပြထားသောအချက်အလက်များကိုကြည့်၍စက်ကိုဖွင့်ခြင်း၊ပိတ်ခြင်းပြုလုပ်ပါ။

ထိုသို့မပြုလုပ်ပါကလျှပ်စစ်ရှော့ခ်(သို့)မီးလောင်ခြင်းဖြစ်စေနိုင်ပါသည်။

မော်တာမှဖုံးခွံကိုမချွတ်မီမွှေစက်၏ခလုတ်ကိုပိတ်လိုက်ပါ။

ထုပ်ပိုးထားသောပါကင်အိတ်နှင့်ပလပ်၏အဖုံးတို့ကိုမွှေစက်မှဖယ်ရှားပြီးမှအသုံးပြုပါ။ထိုပစ္စည်းများကိုကလေးများနှင့်ဝေးရာတွင်ထားပါ။


(ထိုသို့မဟုတ်လျှင်အသက်ရှူရမွန်းခြင်းကိုဖြစ်စေနိုင်သောကြောင့်ဖြစ်ပါသည်။)

ဤထုတ်ကုန်သည်အိမ်သုံးအတွက်သာရည်ရွယ်ပါသည်။


# အစိတ်အပိုင်းများ၏သတ်မှတ်ချက်

ဝယ်ယူပြီးစက်ကိုအသုံးမပြုမီစက်၏အစိတ်အပိုင်းတစ်ခုချင်းစီကိုဆေးကြောပါ။

## မွှေစက်




## အစားအစာ (အခြောက်) များကြိတ်သည့်စက်





| မြန်မာ |
|---|
| ၁ အတွင်းဖုံး<br>၂ အဖုံး<br>၃ မွှေစက်ဗူးခွံ<br>၄ မယိုစိမ့်အောင်ကြားခံရသောရာဘာ<br>၅ မွှေစက်ဖြတ်ညှပ်ကိရိယာ<br>၆ မွှေစက်ဗူးခွံ၏အောက်ခြေ<br>*၇ ပလပ်ခေါင်း<br>၈ ပလပ်ကြိုး<br>၉ ပြောင်းလဲနိုင်သောခလုတ်<br>"Pulse (မွှေစက်ဖြတ်ညှပ်ကိရိယာလည်နေချိန်မှဤခလုတ်ကိုနှိပ်ပါ။<br>"2 ( အရှိန်မြှင့်ခြင်း ) ",<br>"I ( အရှိန်နှိမ့်ခြင်း )",<br>"O ( စက်ပိတ်ခြင်း )"<br>၁၀ မော်တာစက်အုံ<br>၁၁ အမှုန့်ကြိတ်စက်၏ဗူးခွံ<br>၁၂ အမှုန့်ကြိတ်စက်၏မယိုစိမ့်အောင်ကြားခံရသောရာဘာ<br>၁၃ အမှုန့်ကြိတ်စက်၏ဖြတ်ညှပ်ကိရိယာ<br>၁၄ အမှုန့်ကြိတ်စက်ဗူးခွံ၏အောက်ခြေ<br>* ပါဝါကြိုးသည်ပုံတွင်ပြထားသည့်အတိုင်းမဟုတ်ဘဲပုံသဏ္ဍာန်မျိုးစုံပြောင်းနိုင်သည်။ |

## မွှေစက်ကိုဖြုတ်ခြင်း





မွှေစက်အောက်ခံကိုနာရီလက်တံပြောင်းပြန်အတိုင်း ဘယ်ဘက်သို့လှည့်ပါ။

## ကြိတ်စက်ကိုဖြုတ်ခြင်း




ကြိတ်ခွက်အောက်ခံကိုနာရီလက်တံပြောင်းပြန်အတိုင်း ဘယ်ဘက်သို့လှည့်ပါ။


## မွှေစက်တပ်ခြင်း




မွှေစက်ခွက်ကို နာရီလက်တံအတိုင်း ညာဘက်သို့ လှည့်၍ တပ်ပါ။

- ယိုစိမ့်မှုမဖြစ်စေရန် ဂတ်စကက်တို သေချာ ချိန်၍ ခွက်ကို တင်းကျပ်စွာ ပိတ်ပါ
- မော်တာအလုပ်မလုပ်သောစက်အုံပေါ်တွင် ခွက်အောက်ခံ တင်ပြီးနောက်ပိုင်းတွက်ခွက်အားတပ်ခြင်း ဖြုတ်ခြင်း မပြုပါနှင့်

## ကြိတ်စက်တက်ခြင်း




ကြိတ်စက်ခွက် အောက်ခံအား "ချက်ကနဲ" အသံကြားသည်အထိ နာရီလက်တံအတိုင်း ညာဘက်လှည့်ပါ။


- ကြိတ်စက်ဂတ်စကတ်သည် နေရာမှန်တွင် ရှိရမည်ဖြစ်ပြီး ယိုစိမ့်မှုမရှိစေရန် ကြိတ်စက်ခွက် အောက်ခံကို တင်းကျပ်စွာလှည့်ပါ။

## မွှေစက်အသုံးပြုပုံ အဆင့်ဆင့်

**သတိပေးချက်များ :**

- ရှေးဦးစွာ ပါဝင်ပစ္စည်းများကို လှီး၍ (၁စင်တီမီတာ၊ ၂စင်တီမီတာ အတုံးများ လှီး၍) ရေဆေးပါ ။
- ပိုညက်သော အရာများမှစ၍ ပါဝင်ပစ္စည်းများကို မွှေခွက်ထဲ ထည့်ပါ။
- မွှေခွက်ထဲတွင် စုစုပေါင်း အများဆုံး ထုထည် ၁၅၀၀ မီလီလီတာထက်ပိုသော ပါဝင်ပစ္စည်းများမထည့်ပါနှင့် ။
- မွှေခွက်ထဲတွင် အသားငါး၊ ကုန်မာများ ( ပဲပုတ်ခြောက်များ၊ နှမ်းမှုန့်များ၊ အေးခဲနေသော အစားအစာများကဲ့သို့အရာများ ) စေးကပ်သော အစားအစာများ ( မြေပဲထောပတ် )
- အစိုဓာတ်နည်းသော အစားအစားများ ( အာလူးထောင်း ) နှင့် ရေခဲတုံးသက်သက်ထည့်ခြင်းများ မပြုလုပ်ပါနှင့် ။
- မွှေခွက်အလွတ်ဖြစ်နေပါက မွှေစက်ကို အသုံးမပြုပါနှင့် ။
- မွှေစက်အား သုံးမိနစ်၊ လေးမိနစ်ဆက်တိုက်အသုံးမပြုပါနှင့် ကြာရှည် လည်ပတ်ခြင်းမျိုးအတွက် မွှေစက်အား သုံးမိနစ် အသုံးပြု၍ နောက်တစ်ကြိမ် မစခင် တစ်မိနစ် နားပြီးမှသာ အသုံးပြုသင့်ပါသည်။
- မွှေစက်ခွက်တွင် ပဲပြုတ်များ၊ ကြက်သွန်ဖြူများကဲ့သို့ ကုန်မာ များထည့်ပါက မွှေခွက်ဝင်ဆံ့မှု ပမာဏ၏ သုံးပုံတစ်ပုံထက်မကျော်စေနှင့် ။ ထို့အပြင် ၂ မိနစ် နှင့် ၂ မိနစ်အထက် ပို၍ မွှေစက်ကို အသုံးမပြုပါနှင့် ။

## ၁





၁. မွှေစက်ခွက်ထဲတွင် ပါဝင်ပစ္စည်းများ ထည့်ပါ။

ပစ္စည်းများ အပြင်သို့မလွင့်စင်စေရန် အဖုံးကို သေချာစွာ တပ်ပါ

မော်တာစက်အုံတွင် မွှေစက်ခွက်တပ်ပါ။

မွှေစက်ခွက်ကို နေရာကျသည်အထိ နာရီလက်တံ အတိုင်း ညာဘက်သို့လှည့်ပါ။


## ၂




၂. ပါဝါ ပလပ်ခုံတွင် ပလပ်ထိုးပါ။


အဖုံးကိုဖိ၍ " I " ခလုတ် ( သို့ ) " 2 " ခလုတ်ကို နှိပ်ပါ။

---



ပါဝင်ပစ္စည်းများ ၊ ဟင်းခတ်များ ထည့်သည့်အခါ မွှေခွက်စက်ကို ကိုင်၍ အတွင်းအစွပ်ကို ဖယ်ပါ။ ( သို့ )တပ်ပါ။
ဘယ်ဘက်ပုံတွင် ပြထားသည့်အတိုင်း ပါဝင်ပစ္စည်းများထည့်ပါ။

## 3




၃. ပါဝင်ပစ္စည်းများကို မွှေပြီးပါက " O " ခလုတ်အားနှိပ်ပါ။

ပါဝါပလပ်ခုံမှ ပလပ်ဖြုတ်ပါ။

ပလပ်ခုံမှပလပ်ဖြုတ်ပါကပလပ်ခေါင်းကိုသေချာစွာဖြုတ်ပါ။ မီးကြိုးမှဆွဲမဖြုတ်ပါနှင့်။


# အခြောက်ကြိတ်စက်အသုံးပြုပုံ

**သတိပေးချက်**

- တားမြစ်ပစ္စည်းများ နနွင်းမှုန့်ကဲသို့ အစိုဓာတ်များသော အရာများ၊ အရည်များ၊ ကုန်မာများ၊ ပါဝင်ပစ္စည်းများ
- သတ်မှတ်ထားသော အများဆုံး ပမာဏထက် ပို၍ မထည့်ရ။
- မွှေခွက်အလွတ်ဖြစ်နေပါက မွှေခွက်အား အသုံးမပြုပါနှင့်။
- ကိုးဆယ်စက္ကန့် နှင့် ကိုးဆယ်စက္ကန့် ထက်ပို၍ ဆက်တိုက် အသုံးမပြုပါနှင့်။

| အစားအစာများ | အများဆုံးပမာဏ | ကြာချိန် |
|---|---|---|
| ငရုတ်စိမ်း | ၂၀ ဂရမ် | ၆၀–၉၀ စက္ကန့် |
| ငရုတ်သီးခြောက်များ | ၂၀ ဂရမ် | ၆၀–၉၀ စက္ကန့် |
| ကော်ဖီစေ့များ | ၅၀ ဂရမ် | ၅၀–၃၀ စက္ကန့် |

## ၁




ကြိတ်ခွက်ကို ပြောင်းပြန်လှန်၍ ပါဝင်ပစ္စည်းများကို ထည့်ပါ။

ကြိတ်ခွက်အောက်ခံကို နေရာတကျ ဖြစ်သည်အထိ နာရီလက်တံအတိုင်း ညာဘက်လှည့်၍ ကြိတ်ခွက်တွင် တပ်ပါ။

မော်တာစက်အုံတွင် ကြိတ်ခွက်နှင့် ကြိတ်စက်အောက်ခံကို တပ်ပါ။

ခွက်နှင့်အောက်ခံနေရာတကျ ဖြစ်သည့်အထိ နာရီလက်တံအတိုင်း ညာဘက်သို့ လှည့်ပါ။


## ၂




ပါဝါခလုတ်တွင် ပလပ်ထိုးပါ။

ကြိတ်ခွက်ကို ဖိထား၍ " I " ခလုတ် (သို့) " 2 " ခလုတ်ကို နှိပ်ပါ။

## ၇





ပါဝင်ပစ္စည်းများရောပြီးနောက် "O" ခလုတ်ကိုနှိပ်ပါ။
ပါဝါခလုတ်မှ ပလက်ကိုဖြုတ်ပါ။
မော်တာစက်အုံမှ ကြိတ်ခွက်အောက်ခံကိုဖယ်၍ ပြောင်းပြန်လှန်ကာ ခွက်ကိုကိုင်၍ ပါဝင်ပစ္စည်းများကိုလက်ဖြင့် ညင်သာစွာ ထုတ်ပါ။

> လက်မဖယ်မီ ကြိတ်စက်လည်ခြင်းရပ်သည် အထိ စောင့်ပါ။
> ပါဝါပလပ်ခေါင်း ဖြုတ်လျှင် ပလပ်ခေါင်းကို သေချာကိုင်၍ ဖြုတ်ပါ။
> ကြိုးမှဆွဲမဖြုတ်ပါနှင့်။

# လုံခြုံရေးခလုတ်


ဤလုံခြုံရေးခလုတ်သည် နေရာမကျသည့် အခါ ယူနစ်လည်ခြင်းမရှိစေရန် ပြုလုပ်ပေးသည်။
စက်တပ်ဆင်နေစဉ် ခွက်အောက်ခံအနောက်ဘက်ရှိ ဘေးကင်းလုံခြုံရေးထိန်းချုပ်မှုပင်ကို နှိပ်ပါက စက်မလည်ပတ်နိုင်ပါ။



# လျှပ်စစ်ဘရိတ်ကာ ကာကွယ်ခြင်း

မော်တာသည် သတ်မှတ်ဝန်ထက်ကျော်ခြင်း ကာကွယ်ရေးကိရိယာ ခလုတ် ပွင့်ခြင်းဖြစ်လျှင် မော်တာ အလိုအလျောက် ပိတ်သွားနိုင်သည်။
အောက်ဖော်ပြပါနည်းလမ်းများကို လိုက်နာ၍ပြန်ဖွင့်နိုင်သည်။

## ၁



“ ○ ” ခလုတ်ကိုနှိပ်ပါ။

## ၂



ပါဝင်ပစ္စည်းများကို မွှေခွက်၏ပမာဏ ထက်တစ်ဝက်လျှော့ပါ။

## ၃



ခလုတ်(သို့) ခလုတ်ကို နှိပ်ပါ။


- ဖြတ်စက်မလည်ပါက အစိတ်အပိုင်းများကို ပြန်တပ်၍“ ○ ” > “ I ” > “ 2 ” အစဉ်လိုက် တစ်ကြိမ်စီ နှိပ်ပါ။

# သန့်ရှင်းပုံ

## မှတ်ချက် ：


- မွှေစက်ကိုမသန့်စင်မီ ပါဝါပလတ်ခုံမှ ပလတ်ခေါင်းကိုဖြုတ်ပါ။
- ဖြတ်စက်ကို သေချာစွာကိုင်ပါ။
- အစိတ်အပိုင်းများကို သန့်ရှင်းရာတွင် ရေအေး ( သို့ ) ကြက်သီးနွေးနှင့် ရေမြုပ်ဖော့ အပျော့ကို သုံးပါ။
- သံဘရက်ရှ်များ၊ အခြားရှလွယ်သော သန့်ရှင်းရေးပစ္စည်းများ မီးဖိုချောင်သုံးပစ္စည်းများကို မသုံးပါနှင့်။
- ဗန်ဇင်၊ အိမ်သုတ်ဆေး၊ အရက်နှင့် အခြားအရည်များ မသုံးပါနှင့်။
- ပန်းကန်ခြောက်စက်၊ ပန်ကန်ဆေးစက်များ မသုံးပါနှင့်။
- မွှေခွက်များ၏ အဖုံးနှင့် အတွင်းပိုင်းများသည် အသုံးပြုမှုများလာသည်နှင့် တဖြည်းဖြည်း အရောင်ကျွတ်နိုင်ပါသည်။

## မွှေခွက်များနှင့် ပလတ်စတစ်အပိုင်းများ



ရေမြုပ်ဖော့ကို မီးဖိုချောင်သုံး ကြေးချွတ်ဆေးသာမန်တွင် စိမ်၍ အစိတ်အပိုင်းများကိုဆေးပါ။ ဖြတ်စက်တွင် ညှပ်နေသော ပါဝင်ပစ္စည်းကို သွားတိုက်တံနှင့် သေချာစွာ ပွတ်ပါ။ အစိတ်အပိုင်းများကို ရေကျဉ်း၍ အခြောက်ခံပါ။

## ကြိတ်စက်ဖြတ်စက်



ကြိတ်စက်ဖြတ်စက်အား သွားတိုက်တံနှင့် သေချာစွာ ပွတ်ပါ။ ရေဖြင့်မဆေးပါနှင့်။

## မော်တာစက်အုံ




စက်အုံကို ကောင်းစွာရေညှစ်ထားသော အဝတ်ဖြင့် သုတ်ပါ။

# ပြဿနာရှာဖွေဖြေရှင်းခြင်း

| ပြဿနာများ | ဖြစ်စေနိုင်သောအကြောင်းအရင်း | စာမျက်နှာ |
|---|---|---|
| မွှေစက်သည် “ 1 ” ခလုတ် (သို့) “ 2 ” ခလုတ်နှိပ်သည့်အခါ စက်အလုပ်မလုပ်ပါ။ | • မွှေစက် (သို့) ကြိတ်ခွက်သည် မော်တာစက်အုံတွင် မှန်ကန်စွာ တပ်ဆင်ထားခြင်း မရှိသောကြောင့် ဖြစ်သည်။<br>• ပါဝါပလက်ခေါင်းသည် ပလက်ခုံတွင် မတပ်ထားသောကြောင့် ဖြစ်သည်။<br>• ပါဝင်ပစ္စည်းများသည် ဖြတ်စက်တွင် ညှပ်နေသောကြောင့် ဖြစ်သည်။ | စာမျက်နှာ ၉ နှင့် ၁၂ တွင် ကြည့်ပါ။ |
| မွှေစက်သည် လည်နေစဉ် တစ်ဝက်တစ်ပြတ် ရပ်သွားသည်။ | • စက်၏လျှပ်စစ် ဘရိတ်ကာ အကာအကွယ်သည် ခလုတ်ပွင့်သွားခြင်းကြောင့်ဖြစ်သည် ။ မွှေခွက်ထဲတွင် တားမြစ်ထားသည့် မာကျောသော ပစ္စည်းများ ထည့်ထားခြင်း ရှိမရှိ စစ်ဆေးပါ။ မွှေခွက်ထဲတွင် တားမြစ်ထားသည့် မာကျောသော ပစ္စည်းထည့်ထားခြင်း ရှိမရှိ စစ်ဆေးပါ။<br>• မူမမှန်သော အသံများကြားရချိန် (သို့) တုန်ခါနှုန်းမြင့်နေချိန်မျိုးတွင်လည်း လျှပ်စစ်ဘရိတ်ကာ အကာအကွယ်များ ခလုတ်ပွင့်သွားနိုင်သည်။ | စာမျက်နှာ ၁၅ တွင်ကြည့်ပါ။ |
| မွှေထားသော ပါဝင်ပစ္စည်းများ ယိုစိမ့်နေသည်။ | • မွှေခွက် (သို့) ကြိတ်ခွက်ကို မှန်ကန်စွာ မတပ်ဆင်ထားခြင်းကြောင့် ဖြစ်သည်။<br>• ဂတ်စကတ်ကို မတပ်ဆင်ထားခြင်းကြောင့်ဖြစ်သည်။ | စာမျက်နှာ ၇၊ ၉ နှင့် ၁၂ တို့တွင် ကြည့်ပါ။ |

# အသေးစိတ်အချက်အလက်များ

| | မွှေစက်အသုံးပြုချိန် | ကြိတ်စက်အသုံးပြုချိန် |
|---|---|---|
| မွှေစက်၏လျှပ်စစ်ပမာဏ | ၂၂၀–၂၄၀ဗို့ ~ ၆၀ ဟတ်စ် | |
| မွှေစက်၏လျှပ်စစ်သုံးစွဲမှုပမာဏ | MX-GX1561: ၂၂၀–၂၄၀ဗို့ / MX-GX 1511: ၂၃၀~၂၅၀ဗို့ | |
| သတ်မှတ်ကြာချိန် | ဆက်တိုက် (၃ မိနစ်၊ ၁၀ မိနစ်ပိတ်) | ဆက်တိုက်(စက္ကန့် ၉၀ဖွင့်၊ ၂မိနစ်ပိတ်) |
| မွှေခွက်၏ဝင်ဆံ့မှုပမာဏ | အများဆုံး ၁၅၀၀ မီလီလီတာ | အများဆုံး ၅၀ ဂရမ် |
| မွှေခွက်ပုံစံ | MX-GX 1561: ဖန်<br>MX-GX 1511: ပလတ်စတစ် | ပလတ်စတစ် |
| မွှေခွက်၏အတိုင်းအတာ ပမာဏ (အလျား X အနံ X အမြင့်) | MX-GX 1561: ပျမ်းမျှ ၄၂.၅×၁၇.၉×၂၃.၆ စင်တီမီတာ<br>MX-GX 1511: ပျမ်းမျှ ၄၁.၈ × ၁၇.၅ × ၂၃.၆ စင်တီမီတာ | ပျမ်းမျှ ၂၆.၈×၁၇.၀ × ၂၃.၆ စင်တီမီတာ |
| မွှေစက်၏အလေးချိန် | MX-GX 1561: ပျမ်းမျှ ၃.၄ ကီလိုဂရမ်<br>MX-GX 1561: ပျမ်းမျှ ၂.၂ ကီလိုဂရမ် | ပျမ်းမျှ ၁.၈ ကီလိုဂရမ် |

Panasonic Taiwan Co., Ltd.

579, Yuan Shan Road, Chung-Ho District, New Taipei City,
Taiwan P.C:23501